ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်

# မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် မျိုးစေ့အသုံးချမှုအခြေအနေ

**အကျဉ်းချုပ်**

စိုက်ပျိုးရေးကဏ္ဍကို တိုးတက်စေရန် အကောင်အထည်ဖော်ရာတွင် မျိုးကောင်းမျိုးသန့်ရရှိရေးသည် အဓိကအချက်တစ်ချက်ဖြစ်ပါသည်။ မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် ပြည်ပမှအထွက်ကောင်းမျိုးများကို တင်သွင်းစိုက်ပျိုးလျက်ရှိသလို ပြည်တွင်းမျိုးကူးစပ်မွေးမြူရေးပညာရှင် (Plant breeders) များကလည်း အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသစ်များကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက မျိုးစေ့ထုတ်လုပ်တင်ပို့သောနိုင်ငံဖြစ်လာနိုင်ကြောင်း ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ပြောကြားထားပါသည်။ သို့သော်လည်း တောင်သူလယ်သမားများသည် မျိုးကောင်းမျိုးသန့်များကို ကိုယ်တိုင်ရယူ စိုက်ပျိုးနိုင်ခြင်းမရှိသည့်အပြင် မျိုးကောင်းမျိုးသန့်များ အလွယ်တကူဝယ်ယူရရှိရန်အတွက် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့်ကြုံတွေ့လျက်ရှိပါသည်။

ဤစာတမ်းတိုတွင် မြန်မာနိုင်ငံ၏မျိုးစေ့ထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရန် လိုအပ်သည့်အကြောင်းအရင်းများ၊ စပ်မျိုးများအသုံးပြုလာခြင်းနှင့် ထုတ်လုပ်မှုအခြေအနေ၊ လယ်သမားများကြုံတွေ့နေရသည့်အခြေအနေနှင့်စိန်ခေါ်မှုများ၊ မျိုးစေ့နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့်မူဝါဒများ၊ လွှတ်တော်အတွင်းဆွေးနွေးမှုများ၊ အစိုးရ၏ဆောင်ရွက်ချက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ထိုင်းနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့၏ မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရေးသားဖော်ပြထားပါသည်။

စာတမ်းတိုအမှတ်စဉ် (၁၅၇)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ရည်ရွယ်ချက် | ၃ |
| ၃။ | အချက်အလက်များဖော်ပြမှုနည်းနာနိဿယများ | ၃ |
| ၄။ | မျိုးစေ့ထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရန်လိုအပ်သည့်အကြောင်းအရင်းများ | ၄ |
| ၅။ | မြန်မာနိုင်ငံ၏မျိုးစေ့ထုတ်လုပ်မှုအခြေအနေ | ၅ |
| ၆။ | စပ်မျိုးများအသုံးပြုလာခြင်းနှင့် ထုတ်လုပ်မှုအခြေအနေ | ၆ |
| ၇။ | လယ်သမားများကြုံတွေ့နေရသည့်အခြေအနေနှင့်စိန်ခေါ်မှုများ | ၇ |
| ၈။ | ကိုယ်တိုင်မျိုးထားခြင်း၏အားသာချက်များ | ၈ |
| ၉။ | မျိုးစေ့နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသည့်ဥပဒေမူဝါဒများ | ၈ |
| ၁၀။ | လွှတ်တော်အတွင်းဆွေးနွေးမှုများ | ၉ |
| ၁၁။ | အစိုးရ၏ဆောင်ရွက်ချက်များ | ၁၀ |
| ၁၂။ | နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ | ၁၂ |
| ၁၃။ | ထိုင်းနိုင်ငံ၏မျိုးစေ့ထုတ်လုပ်ငန်း | ၁၂ |
| ၁၄။ | အင်ဒိုနီးရှားနိုင်ငံ၏မျိုးစေ့ထုတ်လုပ်ငန်း | ၁၄ |
| ၁၅။ | နိဂုံး | ၁၅ |

## နိဒါန်း

၁။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍကို အဓိကအားထားနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ယခုအခါ မြန်မာ့စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်သောသီးနှံမျိုးစေ့များကို ပြည်ပမှ အဓိကတင်သွင်းနေရပါသည်။ တောင်သူများအနေဖြင့် စိုက်ပျိုးသည့်ရာသီချိန်ရောက်ပါက နီးစပ်ရာ တောင်သူအချင်းချင်းထံမှလည်းကောင်း၊ မြို့ပေါ်တွင်ရှိသည့် ပွဲရုံများမှတစ်ဆင့်လည်းကောင်း မိရိုးဖလာမျိုးများကိုသာ ဝယ်ယူပြီး စိုက်ပျိုးနေခဲ့ကြရပါသည်။ သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်မှုကြောင့် ပုံစံမျိုးစုံထုပ်ပိုးထားသည့် နိုင်ငံခြားမျိုးစေ့များကိုလည်း လယ်သမားများက လွယ်လင့်တကူ ဝယ်ယူစိုက်ပျိုးကြပါသည်။ ထိုသို့ နိုင်ငံခြားသီးနှံမျိုးရင်းစိုက်ပျိုးမှု တွင်ကျယ်လာသည်နှင့်အမျှ ခေတ်အဆက်ဆက်စိုက်ပျိုးခဲ့သည့် မြန်မာမျိုးရင်းသီးနှံမျိုးစိတ်များမှာ ပျောက်ကွယ်လာ၍ အိမ်နီးချင်း ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံထုတ် နိုင်ငံခြားမျိုးရင်းသီးနှံမျိုးစေ့များ တစ်ဟုန်ထိုးနေရာယူလျက်ရှိပါသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်း များအတွက် မျိုးစေ့ဖြန့်ဖြူးမှုကို ပြည်ပနိုင်ငံများက ထိန်းချုပ်ထားသကဲ့သို့ဖြစ်နေသည်ကိုလည်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နှစ်စဉ်မျိုးကောင်းမျိုးစေ့များသုံးစွဲနိုင်မှု မြင့်တက်လာစေရန်အတွက် မျိုးစေ့ထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်ရန် လိုအပ်လျက်ရှိပါသည်။ [1]

## ရည်ရွယ်ချက်

၂။ ဤစာတမ်းတိုကို ရေးသားရခြင်း၏ရည်ရွယ်ချက်မှာ

(က) မျိုးကောင်းမျိုးသန့်မျိုးစေ့များကို ပြည်တွင်း၌ထုတ်လုပ်ရာတွင် အခက်အခဲများနှင့် စိန်ခေါ်မှုများအားသိရှိနိုင်စေရန်၊

(ခ ) မျိုးစေ့များ ပြည်တွင်း၌ ထုတ်လုပ်ရာတွင် အထောက်အကူပြုမည့် ယေဘုယျအခြေခံ အချက်အလက်များအား သိရှိနိုင်စေရန်တို့ဖြစ်ပါသည်။

## အချက်အလက်များဖော်ပြမှုနည်းနာနိသယများ

၃။ ဤစာတမ်းတိုတွင် အသုံးပြုထားသောသတင်းအချက်အလက်များသည် အစိုးရ website များမှ ထုတ်ပြန်ထားသောသတင်းအချက်အလက်များ၊ The Voice Journal မှ အချက်အလက်များ၊

[1] ဗြိမ်းခြောက်ခံ မြန်မာ့စိုက်ပျိုးရေးအချုပ်အခြာ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ https://thevoicejournal.com/archives/22425 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၅ ၊ ၂၀၂၀)

မြန်မာတောင်သူကြီးများဂျာနယ်နှင့် မြန်မာတိုင်းမ် (Myanmar Times) နေ့စဉ်သတင်းစာတို့မှ သတင်းအချက်အလက်များကို ရယူထားပါသည်။

**မျိုးစေ့ထုတ်လုပ်မှုကဏ္ဍမြှင့်တင်ရန်လိုအပ်သည့်အကြောင်းအရင်းများ**

၄။ မြန်မာမျိုးရင်းသီးနှံများ တစ်စတစ်စ ပျောက်ဆုံးလာ၍ နိုင်ငံခြားမျိုးများသည် လယ်သမားများအတွက် တစ်ခုတည်းသော ရွေးချယ်ရာဖြစ်လာပါသည်။ ဥပမာ ထိုင်ဝမ်ကန်စွန်းရွက်၊ ထိုင်ဝမ်ခရမ်းချဉ်သီး၊ ထိုင်ဝမ်ငရုတ်၊ ထိုင်းဂေါ်ဖီထုပ်၊ ထိုင်းအုန်းသီး၊ ထိုင်းကျွဲကောသီး၊ မုန်လာဥနီ၊ တရုတ်ဖရဲ၊ တရုတ်သခွား စသည်ဖြင့် သီးနှံတိုင်းတွင် နိုင်ငံခြားမျိုးရင်းများက အစားထိုးဝင်ရောက်လာပါသည်။ အထက်အညာဒေသတွင် စိုက်ပျိုးမှုတွင်ကျယ်ခဲ့သည့် ကုလားပဲမျိုးစိတ်နေရာတွင်လည်း ဗွီတူး (V-2)၊ ဗွီဆဲဗင်း (V-7)နှင့် ထိုင်ဝမ်ကုလားပဲ အစရှိသည့် နိုင်ငံခြားမျိုးရင်းပဲများက နေရာယူလျက်ရှိပါသည်။

၅။ ယခုအခါ စိုက်ပျိုးထုတ်လုပ်မှုတွင်ကျယ်လာသည့် ဖရဲနှင့် သခွားမျိုးစေ့ကို ပြည်တွင်း၌ မထုတ်လုပ်နိုင်ဘဲ ပြည်ပမှရာနှုန်းပြည့်တင်သွင်းစိုက်ပျိုးနေကြရသည်။ နှစ်စဉ် ဖရဲနှင့် သခွားမျိုးစေ့ တန်ချိန် ၁၀ သိန်းမှ ၁၂ သိန်းကြား လိုအပ်ပြီး ထိုပမာဏကို တရုတ်နိုင်ငံမှ ဝယ်ယူနေရပါသည်။ ဖရဲမျိုးစေ့ ၂၀ ဂရမ်တစ်ထုပ်လျှင် မြန်မာကျပ်ငွေ ၇၀၀၀ ကျပ်မှ သောင်းဂဏန်းအထက်ရှိရာ တစ်နှစ်လျှင် ဖရဲ၊ သခွားမျိုးစေ့အတွက် ငွေပမာဏများစွာ ပြည်ပသို့ စီးထွက်နေပါသည်။ ဖရဲ၊ သခွားကဲ့သို့ အခြားစိုက်ပျိုးရေး သီးနှံမျိုးစေ့များစွာကိုလည်း ပြည်ပမှ တင်သွင်းနေရသဖြင့် မျိုးစေ့အတွက် နိုင်ငံခြားငွေများစွာသုံးစွဲနေရပါသည်။ ဖရဲ၊ သခွားအပါအဝင် အခြားသီးနှံမျိုးစေ့များကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက အဆိုပါငွေကြေးယိုပေါက်ကို ပိတ်ဆို့နိုင်မည်ဖြစ်ပါသည်။ [2]

၆။ အာဆီယံဒေသတွင်းနိုင်ငံများနှင့် မျိုးစေ့ကုန်သွယ်မှုတွင်လည်း မြန်မာနိုင်ငံသို့ မျိုးစေ့တင်သွင်းမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လျက်ရှိသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၏ မျိုးစေ့ကုန်သွယ်မှုမှ တစ်နှစ်အတွင်းရရှိသောဝင်ငွေသည် အမေရိကန်ဒေါ်လာ ၈၆.၃ သန်းရှိပြီး အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန်ဒေါ်လာ ၅.၄ သန်းနှင့် ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်

[2] Ibid

ဒေါ်လာ ၄.၈ သန်းဖြစ်ပါသည်။ စိုက်ပျိုးရေးကိုအခြေခံသော မြန်မာနိုင်ငံအနေဖြင့်မူ ပြည်ပမှ မျိုးစေ့များကို ဝယ်ယူနေရသောနိုင်ငံ ဖြစ်နေဆဲဖြစ်ပါသည်။ [3]

**မြန်မာနိုင်ငံ၏မျိုးစေ့ထုတ်လုပ်မှုအခြေအနေ**

၇။ မြန်မာနိုင်ငံတွင် မျိုးစေ့ထုတ်လုပ်ငန်း (၃) မျိုးရှိပါသည်။ ၎င်းတို့မှာ–

(က) လယ်သမားများကိုယ်တိုင်မျိုးစေ့ထုတ်ယူခြင်း၊

(ခ) အစိုးရ – ပုဂ္ဂလိကကုမ္ပဏီများမျိုးစေ့ထုတ်လုပ်ခြင်း၊

(ဂ) ပြည်တွင်းပြည်ပကုမ္ပဏီကြီးများက မျိုးစေ့ထုတ်လုပ်ခြင်း။

၈။ မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူ၊ ချောင်းဦး၊ မုံရွာမြို့နယ်တို့နှင့် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာ၊ ပုသိမ်ကြီး၊ ကျောက်ဆည် မြို့နယ်များအတွင်းရှိ တောင်သူ (၁၈၀) ဦး၊ မျိုးစေ့ထုတ်ကုမ္ပဏီ (၆) ခုနှင့် ပူးပေါင်း၍ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ (၄) နှစ်ကြာ ဆောင်ရွက်လျက်ရှိပါသည်။ [4]

၉။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအောက်ရှိ မြန်မာနိုင်ငံမျိုးစေ့ဘဏ်နှင့် JICA ၊ ဂျပန်နိုင်ငံ ကျူရှူးတက္ကသိုလ်၊ နာဂိုယာတက္ကသိုလ်တို့နှင့် ပူးပေါင်း၍ မြန်မာ့ရေမြေနှင့်သင့်လျော်သည့်စပါးမျိုးများကို ဗီဇအချက်အလက်နည်းပညာများအသုံးပြု၍ မျိုးသစ်ထုတ်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဆန်စပါးမျိုးမွေးမြူရေးကဏ္ဍအား မြှင့်တင်ခြင်းသုတေသနလုပ်ငန်းများကို ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ (၅) နှစ်တာ သုတေသနပြုဆောင်ရွက်လျက်ရှိပါသည်။ [5]

၁၀။ မျိုးစေ့ထုတ်လုပ်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ၁၀၀ ရာခိုင်နှုန်းခွင့်ပြုထားပါသည်။ ပြည်တွင်း/ ပြည်ပ မျိုးစေ့ကုမ္ပဏီ ၄၃ ခုက မျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ကိုင်နေပြီး ကုမ္ပဏီ ၃၉ ခုသည် စပ်မျိုးသီးနှံနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ဖြန့်ဖြူးရောင်းချလျက်ရှိသည်ကို မြန်မာနိုင်ငံ၏မျိုးစေ့လမ်းပြမြေပုံ ၂၀၁၇–၂၀၂၀ ဘဏ္ဍာနှစ်တွင် ဖော်ပြထားချက်

[3] မျိုးစေ့တင်သွင်းမှု ၁၀ နှစ်အတွင်း ၄၅ ဆအထိမြင့်တက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ https://myanmar.mmtimes.com/news/134508.html မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၁ ၊ ၂၀၂၀)

[4] မျိုးစေ့ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်တောင်သူများပူးပေါင်းကာ မျိုးစေ့တန်ချိန် ၃၅၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၉ ရက်၊ https://www.thefarmermedia.com/news/15291 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၁ ၊ ၂၀၂၀)

[5] လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အပင်ဗီဇမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကြပါစို့၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၁ ရက်၊ https://www.moi.gov.mm/article/4913 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၀ ၊ ၂၀၂၀)

အရ သိရှိရပါသည်။ ကုမ္ပဏီကြီးများသည် ပြည်တွင်း၌ မျိုးစေ့မထုတ်ဘဲ ပြည်ပမှ မျိုးစေ့တင်သွင်း၍ ရောင်းချနေကြခြင်းဖြစ်ပါသည်။ [6]

**စပ်မျိုးများအသုံးပြုလာခြင်းနှင့် ထုတ်လုပ်မှုအခြေအနေ**

၁၁။ စပ်မျိုးဆိုသည်မှာ ဆက်စပ်မှုရှိပြီး မျိုးမတူသည့်အပင်နှစ်မျိုးကို သားဆက် ၆ ဆက်မှ ၁၀ ဆက်ကြာအောင် ပင်ခြားဝတ်မှုန်ကူး၍ အပင်သစ်ယူခြင်းဖြစ်ပါသည်။ ယခင်က သဘာဝအလျောက် ဝတ်မှုန်ကူးခြင်းမှရရှိသည့် သီးနှံမျိုးစေ့ကို စိုက်ပျိုးအသုံးပြုခဲ့ပြီး ယခုအခါ ပြည်ပမှ တင်သွင်းသည့်စပ်မျိုးများကို စိုက်ပျိုး လာကြပါသည်။ မျိုးစေ့တင်သွင်းသော ကုမ္ပဏီများကလည်း ကျေးရွာများသို့ အရောင်းမြှင့်တင်ရေးဝန်ထမ်းများစေလွှတ်ပြီး အရည်အသွေး၊ အထွက်နှုန်း အာမခံချက်ပေး၍ မျိုးစေ့ဈေးကွက် တိုးချဲ့လာကြကြောင်း လယ်သမားများထံမှ သိရပါသည်။ ထိုစပ်မျိုးသီးနှံများသည် မြန်မာမျိုးရင်း သီးနှံများထက် အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုကောင်းမွန်သောကြောင့် လူကြိုက်များလာခြင်းဖြစ်ပါသည်။

၁၂။ စပ်မျိုးသီးနှံများသည် ငွေကြေးအမြောက်အမြားရှိရုံဖြင့် မထုတ်လုပ်နိုင်ဘဲအချိန်များစွာပေး၍ စနစ်တကျ သုတေသနပြုလုပ်ပြီးမှသာ ထုတ်လုပ်နိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် စပါးသီးနှံကို စပ်မျိုးအဖြစ် ထုတ်လုပ်မှုရှိသော်လည်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကဏ္ဍတွင် ထုတ်လုပ်နိုင်မှုမရှိသေးပါ။ စိုက်ပျိုးရေးဦးစီးဌာနက ပုလဲသွယ်စပ်မျိုးစပါးကို ထုတ်လုပ်ခဲ့ဖူးပြီး နိုင်ငံတစ်ဝန်း ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးရန်လည်း တွန်းအားပေးလုပ်ဆောင်ခဲ့ပါသည်။ သို့သော် ပုလဲသွယ်စပ်မျိုးစပါးသည် အထွက်နှုန်းကောင်းမွန်သော်လည်း ပြည်ပဆန်ဈေးကွက်ရရှိမှု အလားအလာမကောင်းသဖြင့် စိုက်ပျိုးမှုကိုရပ်တန့်ခဲ့ရပါသည်။

၁၃။ နိုင်ငံခြားမှ တင်သွင်းရောင်းချသည့် စပ်မျိုးသီးနှံများသည် မြန်မာနိုင်ငံတွင် ထုတ်လုပ်သည့်သီးနှံမျိုးများထက် အပင်ပေါက်နှုန်း ကောင်းမွန်ပါသည်။ သို့သော်လည်း အဆိုပါသီးနှံများမှ မျိုးစေ့ချန်၍မရနိုင်ပါ။ မျိုးထုတ်လုပ်မည်ဆိုပါက မူလသီးနှံအရည်အသွေးနှင့် အထွက်နှုန်းကို မမှီနိုင်ပါ။

---

[6] ခြိမ်းခြောက်ခံ မြန်မာ့စိုက်ပျိုးရေးအချုပ်အခြာ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ https://thevoicejournal.com/archives/22425 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၅ ၊ ၂၀၂၀)

ထို့ကြောင့် မျိုးစေ့ကို တစ်နှစ်တစ်ကြိမ်ဝယ်ယူရနေရခြင်းကြောင့် မျိုးစေ့အတွက် ကုန်ကျစရိတ်မှာလည်း နှစ်စဉ်ကုန်ကျလျက်ရှိပါသည်။ [7]

**လယ်သမားများကြုံတွေ့နေရသည့်အခြေအနေနှင့်စိန်ခေါ်မှုများ**

၁၄။ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု၊ ဝယ်ယူစားသုံးသူများ၏ အလေ့အထ ပြောင်းလဲမှုများကြောင့် သမားရိုးကျနည်းလမ်းဖြင့် စိုက်ပျိုးထုတ်လုပ်သည့်စပါးများ တဖြည်းဖြည်း လျော့နည်းလာခြင်းဖြစ်ပါသည်။ မြန်မာ့လယ်ယာထွက်ကုန်များသည် ပြည်ပကိုအမှီပြုထုတ်လုပ်နေရခြင်းကြောင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားလျက်ရှိပါသည်။ ပြည်တွင်းဈေးကွက်သို့ အိမ်နီးချင်းနိုင်ငံများမှ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများဝင်ရောက်လာသည်မှာ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်းကြောင့်ဖြစ်ပါသည်။

၁၅။ မြန်မာနိုင်ငံတွင် သီးနှံစိုက်ပျိုးမှုကုန်ကျစရိတ်သည် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ပြည်ပဈေးကွက်တွင် ရောင်းချနေသည့်နှုန်းထားများနှင့်ညီမျှပါသည်။ ထို့ပြင် ပြည်ပမျိုးစေ့ကို ဝယ်ယူစိုက်ပျိုးရာတွင် အာမခံချက်မရှိသည့် မျိုးစေ့အတုများစိုက်ပျိုးမိပါက သီးနှံအထွက်နှုန်းနှင့် အရည်အသွေးကျဆင်းနိုင်သကဲ့သို့ ဓာတ်မြေဩဇာများအလွန်အကျွံသုံးစွဲမိပါကလည်း မြေဆီလွှာပျက်ဆီးသွားနိုင်ခြင်း စသည့်အခက်အခဲများဖြစ်စေပါသည်။ မျိုးစေ့မမှန်ခြင်းကြောင့်ရရှိသည့် ဆိုးကျိုးသည် သီးနှံရိတ်သိမ်းချိန်ရောက်မှ သိရှိနိုင်သဖြင့် အချိန်မီပြင်ဆင်ရန် အခွင့်အလမ်းမရှိဘဲ စိုက်ပျိုးထားသည့်စရိတ်များဆုံးရှုံးရမည် ဖြစ်ပါသည်။ [8]

၁၆။ နိုင်ငံခြားမျိုးစေ့တင်သွင်းမှုတွင် အကြောင်းအမျိုးမျိုးကြောင့် မျိုးစေ့ပြတ်လပ်ပါက ငွေကြေးတတ်နိုင်သော်လည်း ဝယ်မရသည့်ပြဿနာများ ရှိနေပါသည်။ အာမခံမှုမရှိသည့် မျိုးစေ့အတုများနှင့်လည်း ကြုံတွေ့ရနိုင်ပါသည်။ မြန်မာနိုင်ငံတွင် မျိုးစေ့ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများရှိနေသော်လည်း ဈေးကွက်လိုအပ်ချက်ကို အပြည့်အဝမထောက်ပံ့နိုင်သေးပါ။ [9]

၁၇။ သီးနှံအထွက်ကောင်းခြင်း မကောင်းခြင်း၊ စိုက်ပျိုးပြီးနောက်ပိုင်း ပိုးမွှားနှင့်ရောဂါကျခြင်းမကျခြင်း၊ အရည်အသွေးကောင်းခြင်း မကောင်းခြင်းတို့သည် စိုက်ပျိုးသည့်မျိုးအပေါ် မူတည်နေ

---

[7] ခြိမ်းခြောက်ခံ မြန်မာ့စိုက်ပျိုးရေးအချုပ်အခြာ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ https://thevoicejournal.com/archives/22425 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၅ ၊ ၂၀၂၀)

[8] Ibid

[9] Ibid

သဖြင့် အရည်အသွေးကောင်းသီးနှံမျိုးစေ့များစိုက်ပျိုးရန်မှာ အခြေခံကျသော အချက်တစ်ချက်ဖြစ်ပါသည်။ မျိုးစေ့ထုတ်လုပ်မှုကို စိုက်ပျိုးရေးဦးစီးဌာနနှင့်သုတေသနခြံများက ထုတ်လုပ်ပေးလျက်ရှိသော်လည်း ကျေးလက်ဒေသအထိ စိုက်ပျိုးသူများအားလုံးထံ ရောက်ရှိရန် မလွယ်ကူသေး၍ ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ [10]

**ကိုယ်တိုင်မျိုးထားခြင်း၏အားသာချက်များ**

၁၈။ တောင်သူများအနေဖြင့် ကိုယ်တိုင်မျိုးထားခြင်းကြောင့် ရရှိမည့်အကျိုးကျေးဇူးများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(က) စိုက်ပျိုးချိန်တွင် မျိုးရှာရသောဒုက္ခမှကင်းလွတ်ခြင်း၊

(ခ) မျိုးကိုဈေးနှုန်းကြီးစွာဖြင့်မဝယ်ရ၍ ကုန်ကျစရိတ်သက်သာခြင်း၊

(ဂ) မိမိစိုက်ပျိုးလိုသော၊ စားသုံးလိုသောမျိုးကိုစိုက်ပျိုးနိုင်ခြင်း၊

(ဃ) မိမိလိုအပ်သည့်အချိန်တွင် စိုက်ပျိုးနိုင်ခြင်း၊

(င) ရည်မှန်းထားသောဧရိယာကို အပြည့်အဝစိုက်ပျိုးနိုင်ခြင်း။ [11]

**မျိုးစေ့နှင့်စပ်လျဥ်း၍ ပြဋ္ဌာန်းထားသည့်ဥပဒေမူဝါဒများ**

၁၉။ မြန်မာနိုင်ငံတွင် မျိုးစေ့ဥပဒေကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၁/ ၂၀၁၁) ဖြင့်ပြဋ္ဌာန်းခဲ့ပါသည်။ ထို့နောက် ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သောပြဋ္ဌာန်းချက် စကားရပ်များကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်းဖြင့် ပြင်ဆင်၍ မျိုးစေ့ဥပဒေကိုပြင်ဆင်သည့်ဥပဒေကို (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ထို့ပြင် မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် (အမိန့်ကြော်ငြာစာအမှတ်၊ ၆/၂၀၁၆) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ [12]

[10] စိုက်ပျိုးသင့်သည့်အရည်အသွေးကောင်းသီးနှံမျိုးစေ့များ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၅ ရက်၊ https://www.thefarmermedia.com/news/14806 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၈ ၊ ၂၀၂၀)

[11] သီးနှံစိုက်ပျိုးရေးတွင် အရေးပါသောမျိုးသန့်မျိုးစေ့၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ https://www.thefarmermedia.com/news/13829 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၇ ၊ ၂၀၂၀)

[12] မျိုးစေ့ဥပဒေအဆင့်ဆင့် တိုးတက်ပြောင်းလဲလာပုံ၊ https://tinyurl.com/yde3fg7k မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၅ ၊ ၂၀၂၀)

## လွှတ်တော်တွင်းဆွေးနွေးမှုများ

၂၀။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၉-၃-၂၀၁၅) ရက်နေ့တွင် ဦးသိန်းထွန်း (ကျောင်းကုန်းမဲဆန္ဒနယ်) မှ "တောင်သူလယ်သမားများ အမှန်တကယ် လိုအပ်လျက်ရှိသော အထွက်ကောင်းမျိုးသန့်များကို လုံလောက်စွာရရှိနိုင်ရေးအတွက် မည်ကဲ့သို့ အစီအမံများပြုလုပ်ထားသည်" နှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်း ခဲ့ပြီး [13] ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၁-၂-၂၀၁၈ ရက်နေ့တွင် ဦးဝင်းဝင်း (မင်းဘူးမဲဆန္ဒနယ်) မှ " စပါး၊ ပဲမျိုးစုံ၊ နှမ်း စသည့်သီးနှံများကို အရည်အသွေးပြည့်ဝပြီး အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ အလွယ်တကူဝယ်ယူစိုက်ပျိုးနိုင်ရန်" နှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းခဲ့ပါသည်။[14]

၂၁။ ဦးသိန်းထွန်း (ကျောင်းကုန်းမဲဆန္ဒနယ်) ၏မေးမြန်းချက်နှင့်စပ်လျဉ်း၍ "မြန်မာနိုင်ငံတွင် မျိုးသစ်ထုတ်လုပ်မှုကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ ပျိုးဥယျာဉ်ခြံများမှ Breeder များက စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိပြီး မျိုးတစ်မျိုးမွေးမြူထုတ်လုပ်သည့်နေရာတွင် အထွက် မိတ်ဖက်လက္ခဏာကောင်းခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင် ခြင်းစသည့်စဉ်ဆက်မပြတ် စစ်ဆေးခြင်း တို့ကို သားဆက် ၆ ဆက်မှ ၈ ဆက်အထိ အဆင့်ဆင့်ရွေးချယ်ပြီး ဗီဇတည်ငြိမ်မှုရှိခြင်း၊ အထွက် နှုန်းမြင့်မားတည်ငြိမ်ခြင်း၊ ဒေသနှင့်ကိုက်ညီခြင်း၊ စားသုံးမှုကောင်းခြင်း၊ ဆန်အရည်အသွေး ကောင်းခြင်း စသည့်အရည်အချင်းများနှင့် ပြည့်စုံမှသာလျှင် မျိုးအဖြစ်ထုတ်ဝေရသည့်အတွက် ၇ နှစ်မှ ၁၀ နှစ်ခန့်အထိ ကြာမြင့်ခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍတွင် မျိုးမွေးမြူပညာရှင်များ ပေါ်ထွက် လာနိုင်ရန် အပင်မျိုးမွေးမြူသူများ၏အခွင့်အရေးများ၊ အကာအကွယ်များရရှိနိုင်သော အပင်မျိုးသစ် ကာကွယ်ရေး ဥပဒေ (Plant Variety Protection Law) ကို လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် ရေးဆွဲထားပြီးဖြစ်ပြီး နိုင်ငံတော်အစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်ကို တင်ပြထားပြီးဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။ [15] အပင်မျိုးသစ်ကာကွယ်ရေးဥပဒေ (Plant Variety

[13] ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်အစည်းအဝေး (၂၃) ရက်မြောက်နေ့ မေးခွန်းမေးမြန်းချက်၊ https://www.pyithuhluttaw.gov.mm/question-1867 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၅ ၊ ၂၀၂၀)

[14] ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ မေးခွန်းမေးမြန်းချက်၊ https://www.pyithuhluttaw.gov.mm/question-1360 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၅ ၊ ၂၀၂၀)

[15] ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်အစည်းအဝေး (၂၃) ရက်မြောက်နေ့ မေးခွန်းမေးမြန်းချက်၊ https://www.pyithuhluttaw.gov.mm/question-1867 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၅ ၊ ၂၀၂၀)

Protection Law) ကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅) ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

၂၂။ ဦးဝင်းဝင်း (မင်းဘူးမဲဆန္ဒနယ်) ၏ မေးမြန်းချက်နှင့်စပ်လျဉ်း၍ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ပွားများခြင်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် အကျိုးဆောင်တောင်သူများ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့်ပူးပေါင်းပြီး နှစ်စဉ်ထုတ်လုပ်လျက်ရှိခြင်း၊ တောင်သူများ၏မျိုးစေ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မျိုးစေ့စိုက်ပျိုးထုတ်လုပ်သူများအသင်းအဖွဲ့ (Seed Grower Association) ကို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး မျိုးစေ့ထုတ်လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း” စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှဖြေကြားခဲ့ပါသည်။ [16]

**အစိုးရ၏ဆောင်ရွက်ချက်များ**

၂၃။ မြန်မာနိုင်ငံ၏မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီကို ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့အစည်းသည် နယ်စပ်ကုန်သွယ်ရေးဇုန်များမှတစ်ဆင့် မလိုအပ်သောအပင်နှင့် ပိုးအန္တရာယ်၊ အပင်မျိုးစိတ်သစ်များမဝင်ရောက်ရန် ထိန်းချုပ်စစ်ဆေးလျက်ရှိပါသည်။ မျိုးစေ့ကော်မတီကခွင့်ပြုမှသာ မျိုးစေ့အသစ်များကို ပြည်တွင်း၌ သယ်ယူခြင်း၊ စိုက်ပျိုးခြင်းပြုလုပ်နိုင်မည်ဖြစ်ပါသည်။ [17] ထို့ပြင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပြဋ္ဌာန်းချက်နှင့်အညီ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် ပျိုးပင်၊ မျိုးစေ့၊ မျိုး၊ သားပေါက်၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မွေးမြူရေးအစာနှင့် ဆေးဝါးစသည်တို့ကို အရည်အသွေးပြည့်မီ၍ ဈေးနှုန်းမှန်ကန်စွာရရှိစေရန်ကိုလည်း ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ [18]

၂၄။ တောင်သူများအတွက် မျိုးစေ့ကဏ္ဍဆိုင်ရာမိုဘိုင်းဝန်ဆောင်မှုပေးနိုင်ရန် မျိုးစေ့ကွန်ယက်စနစ် (Seed Networking System) အား Application အသုံးပြု၍ ဆောင်ရွက်လျက်ရှိပါသည်။ ယင်း Application အား အသုံးပြုနိုင်ရန် နိုင်ငံတကာပညာရှင်များထံမှ အကြံဉာဏ်များကို Online

---

[16] ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၂၁) ရက်မြောက်နေ့ မေးခွန်းမေးမြန်းချက်၊ https://www.pyithuhluttaw.gov.mm/question-1360 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၅ ၊ ၂၀၂၀)

[17] ခြိမ်းခြောက်ခံ မြန်မာ့စိုက်ပျိုးရေးအချုပ်အခြာ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ https://thevoicejournal.com/archives/22425 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၅ ၊ ၂၀၂၀)

[18] မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးပါကမျိုးစေ့ထုတ်လုပ်တင်ပို့သောနိုင်ငံဖြစ်လာနိုင်၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်၊ https://www.thefarmermedia.com/news/14617 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၇ ၊ ၂၀၂၀)

မှတစ်ဆင့် ရယူနိုင်ပါသည်။ မျိုးစေ့ကဏ္ဍဆိုင်ရာ မိုဘိုင်းဝန်ဆောင်မှုဆိုသည်မှာ မျိုးစေ့ကွန်ယက် စနစ်ထူထောင်ပြီး မျိုးစေ့ထုတ်အဖွဲ့အစည်းများ၊ အသင်းများအလိုက် ထုတ်လုပ်မှုပမာဏ၊ ဈေးနှုန်း၊ အချက်အလက်များကို ကွန်ယက်ပေါ်တွင်ဖော်ပြပြီး ဝယ်ယူစိုက်ပျိုးသူများအနေဖြင့် ယင်းကွန်ယက် ကို ချိတ်ဆက်အသုံးပြုခြင်းဖြစ်ပါသည်။ တောင်သူများအနေဖြင့် မျိုးစေ့နှင့်စပ်လျဉ်း၍ နည်းပညာ အခက်အခဲနှင့်အခြားအခက်အခဲများရှိပါက ယင်း Application မှ တစ်ဆင့်မေးမြန်းနိုင်ပြီး မေးမြန်း ချက်များအား သက်ဆိုင်ရာအဖွဲ့များက ယင်း Application မှ ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် အကြံပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ပါသည်။

၂၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် COVID-19 ကာလ မျိုးစေ့ ကဏ္ဍအပေါ်သက်ရောက်မှုများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများအား တုံ့ပြန်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ မျိုးစေ့ကဏ္ဍဆိုင်ရာ မိုဘိုင်းဝန်ဆောင်မှုပေးနိုင်ရေး၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက် ရေးဆိုင်ရာကိစ္စရပ်များ၊ မျိုးစေ့ထုတ်လုပ်မှုနှင့် မျိုးစေ့ဝယ်လိုအားအခြေအနေများ၊ မျိုးစေ့လုပ်ငန်း စဉ်တစ်လျှောက် ကြုံတွေ့လာနိုင်သည့်အခက်အခဲပြဿနာများနှင့်ပတ်သက်၍ COVID 19 Seed Action Agenda များကို ဆက်လက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။ [19]

၂၆။ မြန်မာနိုင်ငံအနေဖြင့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက မျိုးစေ့ ထုတ်လုပ်တင်ပို့သောနိုင်ငံဖြစ်လာနိုင်ကြောင်း ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ပြောကြား ထားပါသည်။ ထို့ပြင် နိုင်ငံ့အကျိုး၊ တောင်သူလယ်သမားအကျိုးကို ရှေးရှု၍ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးကို သက်ဆိုင်ရာဌာနများ၊ ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍများက တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းထားပါသည်။ [20] မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် ၂၀၁၈ ခုနှစ်မှစတင်ပြီး ပြည်ထောင်စုအဆင့်အနေဖြင့် နေပြည်တော် တွင် မျိုးစေ့ပြပွဲများကို ၃ နှစ်ဆက်တိုက်ကျင်းပခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း ဆက်လက်ကျင်းပသွားရန် ဆောင်ရွက်လျက်ရှိပါသည်။[21]

---

[19] စိုက်ပျိုးရေးကဏ္ဍတွင် တောင်သူများ အတွက် မျိုးစေ့ကဏ္ဍဆိုင်ရာ မိုဘိုင်းဝန်ဆောင်မှုပေးနိုင်ရေး အားဆောင်ရွက်လျက်ရှိ၊ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်၊ https://xinhuamyanmar.com/myanmar/agriculture/27877-2020-06-05-06-10-54 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၂၊ ၂၀၂၀)

[20] ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ "2020 Seed Fair" မျိုးစေ့ပြပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အဖွင့်အမှာစကားပြောကြား၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၈ ရက်၊ https://www.president-office.gov.mm/?q=briefing-room/news/2020/01/28/id-16176 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၈၊ ၂၀၂၀)

[21] မျိုးစေ့တင်သွင်းမှု ၁၀ နှစ်အတွင်း ၄၅ ဆအထိမြင့်တက်၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၉ ရက်၊ https://myanmar.mmtimes.com/news/134508.html မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၁၊ ၂၀၂၀)

## နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ

၂၇။ ၁၉၉၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှကူညီ၍ မြန်မာ–ဂျပန် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် စိုက်ပျိုးရေးသုတေသနဌာန၊ ရေဆင်းတွင် မြန်မာနိုင်ငံမျိုးစေ့ဘဏ်ကို တည်ဆောက်ခဲ့ပါသည်။ မျိုးစပ်မွေးမြူရေးပညာရှင်များအနေဖြင့် အရည်အသွေးနှင့် အထွက်နှုန်းကောင်းသီးနှံမျိုးသစ်များ မွေးမြူထုတ်လုပ်ရာတွင် အသုံးပြုနိုင်ရေးနှင့်သီးနှံဗီဇကွဲမျိုးများ၊ မျိုးရိုင်းများကို မပျောက်ဆုံးခင် အချိန်မီရှာဖွေစုဆောင်း၍ ထိန်းသိမ်းရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။ ပြည်တွင်း၊ ပြည်ပအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တောင်သူများနှင့်ပူးပေါင်း၍ မျိုးစေ့ဘဏ်သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံမျိုးစေ့ဘဏ်၏ အရည်အသွေးပိုမိုမြင့်မားရန် လုပ်ငန်းဆောင်ရွက်မှုများကို နိုင်ငံတကာအဆင့်မီမြှင့်တင်ခြင်းအနေဖြင့် Barcode and Digitize Data Collection System ဖြင့်ဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်မှတ်တမ်းထိန်းသိမ်းခြင်းစနစ်ကို Software System ပြောင်းလဲသုံးစွဲခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။[22]

၂၈။ ထို့ပြင် မျိုးစေ့ထုတ်သမဝါယမအသင်းများ၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မျိုးစေ့ထုတ်စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန်အတွက် မျိုးစေ့ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Integrated Seed Sector Development project – ISSD) ကို နယ်သာလန်အစိုးရ၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းစီမံကိန်းအရ လာမည့် ၅ နှစ်မှ ၁၀ နှစ်အတွင်း မြန်မာနိုင်ငံသည် ပြည်ပသို့ မျိုးစေ့တင်ပို့နိုင်သည်အထိ ရည်မှန်းထားပါသည်။ အရည်အသွေး၊ အထွက်နှုန်းနှင့် ပြည်ပဈေးကွက်တန်းဝင်သည့်မျိုးစိတ်များ ထုတ်လုပ်နိုင်ရန်ရည်မှန်းထားခြင်းလည်း ဖြစ်ပါသည်။ [23]

## ထိုင်းနိုင်ငံ၏မျိုးစေ့ထုတ်လုပ်ငန်း

၂၉။ ထိုင်းနိုင်ငံသည် သင့်လျော်သောပထဝီဝင်အနေအထားနှင့်ရာသီဥတု၊ အဆင့်မြင့်လေ့ကျင့်ထားသောအပင်သိပ္ပံပညာရှင်များ၊ မျိုးစေ့မျိုးပွားမှုထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ၊ အခြေခံ

---

[22] လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အပင်ဗီဇမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကြပါစို့၊ ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၃၁ ရက်၊ https://www.moi.gov.mm/article/4913 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၁၀ ၊ ၂၀၂၀)

[23] ခြိမ်းခြောက်ခံ မြန်မာ့စိုက်ပျိုးရေးအချုပ်အခြာ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ https://thevoicejournal.com/archives/22425 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် အောက်တိုဘာ ၅ ၊ ၂၀၂၀)

အဆောက်အဦကောင်းများ၊ အစိုးရ၏ပံ့ပိုးမှုနှင့် နိုင်ငံခြားအစိုးရများမှ ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံပေါင်းစုံတွင် အခြေစိုက်သောအေဂျင်စီများနှင့် ကုမ္ပဏီများပိုင်ဆိုင်ထားခြင်းကြောင့် အာရှပစိဖိတ်ဒေသ၌ မျိုးစေ့ထုတ်လုပ်မှုအတွက် ဗဟိုအချက်အချာဖြစ်လာပါသည်။ ထိုင်းနိုင်ငံ မျိုးစေ့ကုန်သွယ်မှုအဖွဲ့ (The Thai Seed Trade Association – THASTA) ကို ၂၀၀၂ ခုနှစ်တွင်တည်ထောင်ခဲ့ပြီး ယင်းအဖွဲ့သည် ထိုင်းနိုင်ငံ၏ မျိုးစေ့လုပ်ငန်းတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာခဲ့ပါသည်။ အစိုးရအနေဖြင့် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူပိုင်နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအား ရင်းနှီးမြှုပ်နှံမှုများပိုမိုခွင့်ပြုခဲ့ခြင်းကြောင့် ထိုင်းနိုင်ငံ၏ပြောင်းဖူးလုပ်ငန်း အောင်မြင်ခဲ့ပါသည်။ အမျိုးသားသိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ (National Science and Technology Development Agency – NSTDA)၊ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန (Ministry of Agriculture and Cooperatives – MOA) နှင့်ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (Board of Investment – BOI) ကဲ့သို့သောအဖွဲ့အစည်းများသည် ထိုင်းနိုင်ငံမျိုးစေ့လုပ်ငန်းတွင် မျိုးစေ့ကဏ္ဍမူဝါဒကိုမြှင့်တင်ရန် အစီအစဉ်ကောင်းများ ချမှတ်ရာတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၃၀။ ထိုင်းနိုင်ငံ မျိုးစေ့လုပ်ငန်းတွင် မျိုးကောင်းမျိုးသန့်များနှင့် လယ်ယာစိုက်ပျိုးရေးအတွက် မျိုးစေ့များ ဖွံ့ဖြိုးတိုးတက်ရေးတွင် သုတေသနပြုလုပ်နိုင်သည့် အတွေ့အကြုံရင့်သော သိပ္ပံပညာရှင်များစွာ ရှိပါသည်။ ထိုင်းနိုင်ငံမျိုးစေ့လုပ်ငန်းသည် နိုင်ငံပေါင်းစုံအဖွဲ့အစည်းများအကြား ကောင်းမွန်သောယှဉ်ပြိုင်မှုကြောင့် သိသိသာသာတိုးတက်ခဲ့ပါသည်။ ထိုင်းနိုင်ငံ မျိုးစေ့လုပ်ငန်းတွင် ကမ္ဘာလုံးဆိုင်ရာပါဝင်မှုရှိသည့် အရေးကြီးသော မျိုးစေ့ကုမ္ပဏီအချို့မှာ–

- Pioneer Hi–Bred
- Pacific Seeds
- Syngenta
- Monsanto တို့ဖြစ်ပါသည်။ [24]

---

[24] Seed Sector Analysis – Thailand Industry, Growth, Trends and Forecasts (2017 – 2022), https://www.marketresearch.com/Mordor-Intelligence-LLP-v4018/Seed-Sector-Thailand-Growth-Trends-11185135/ မှရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် နိုဝင်ဘာ ၁၉ ၊ ၂၀၂၀)

**အင်ဒိုနီးရှားနိုင်ငံ၏မျိုးစေ့ထုတ်လုပ်ငန်း**

၃၁။ အင်ဒိုနီးရှားနိုင်ငံ၏အမျိုးသားမျိုးစေ့ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု၏အခြေခံကျသော အစိတ်အပိုင်းဖြစ်ပြီး အရည်အသွေးမြင့်မားကောင်းမွန်သည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော မျိုးစေ့အသစ်များ ထုတ်လုပ်နိုင်ရေးကို ရည်ရွယ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍမှတစ်ဆင့် စားနပ်ရိက္ခာဖြစ်သည့် အစားအစာသီးနှံများဖူလုံစေရန် ဆောင်ရွက်ခြင်း၊ ပြည်တွင်းစိုက်ပျိုးရေး လုပ်ငန်းများမှတစ်ဆင့် စက်မှုနှင့်ပို့ကုန်သီးနှံ ထုတ်လုပ်မှုကို တိုးမြှင့်ခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်းနှင့် နိုင်ငံအတွင်းရှိလယ်သမားများ၏ ဝင်ငွေတိုးမြှင့်ခြင်းတို့ကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်စေရေးဆောင်ရွက်ရန် မရှိမဖြစ်လိုအပ်သည့် မျိုးရိုးဗီဇနှင့်ရောဂါဗေဒဆိုင်ရာ အရည်အသွေးကောင်းမွန်သောမျိုးစေ့များ ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။ မျိုးစေ့အရည်အသွေးစီမံခန့်ခွဲမှုတွင် အရေးကြီးသော ကဏ္ဍ (၃) ခုသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ –

(က) လက်ခံထားသည့်မျိုးစေ့အရည်အသွေး၏အနိမ့်ဆုံးစံနှုန်းကိုသတ်မှတ်ခြင်း၊

(ခ) မျိုးစေ့အရည်အသွေးစံစနစ်နှင့် လုပ်ထုံးလုပ်နည်းများကို ချမှတ်ခြင်း၊ ထိန်းသိမ်းခြင်းတို့အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာစနစ်ကို ရေးဆွဲပြီး အကောင်အထည်ဖော်ခြင်း၊

(ဂ) မျိုးစေ့အရည်အသွေးနှင့် စပ်လျဉ်းသည့်ပြဿနာများနှင့် ယင်း၏ဖြေရှင်းနည်းကို ခွဲခြားသတ်မှတ်ရာတွင် စနစ်တကျစံသတ်မှတ်ချက်ဖြင့် ချဉ်းကပ်ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

၃၂။ မျိုးစေ့ကဏ္ဍအား ကောင်းမွန်သောမျိုးစေ့များထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့်ဖြန့်ဖြူးခြင်းတို့ ပါဝင်သော အဖွဲ့အစည်းဆိုင်ရာမူဘောင်တစ်ခု သတ်မှတ်ထားပါသည်။ မျိုးစေ့ကဏ္ဍ၏စွမ်းဆောင်ရည်ကိုထိရောက်မှုရှိစေရန် အမျိုးသားအဆင့်အေဂျင်စီနှင့် ဒေသဆိုင်ရာအေဂျင်စီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။ အင်ဒိုနီးရှားစိုက်ပျိုးရေးဝန်ကြီးဌာန (Indonesian Ministry of Agriculture – MoA) မှ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ပါစနစ်ခွဲ (၄) ခုခွဲခြား၍ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့မှာ–

(က) သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုစနစ်ခွဲ၊

(ခ) မျိုးစေ့ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်းစနစ်ခွဲ၊

(ဂ) အရည်အသွေးထိန်းချုပ်မှုစနစ်ခွဲ၊

(ဃ) သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်ခွဲတို့ဖြစ်ပါသည်။ [25]

**နိဂုံး**

၃၃။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတု၊ ရေ၊ မြေ အနေအထားအရ သီးနှံ အမျိုးအစားပေါင်းများစွာရှိပြီး မျိုးစေ့ထုတ်လုပ်ရန် အခြေအနေကောင်းများစွာရှိသည့်အတွက် မျိုးစေ့ထုတ်လုပ်တင်ပို့သည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် ပြင်ဆင်မှု၊ ဖြေလျှော့မှု၊ ပံ့ပိုးကူညီမှုများကို ဖန်တီးပေးနိုင်မည်ဆိုပါက မျိုးစေ့ထုတ်လုပ်တင်ပို့နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာနိုင်ပါသည်။ မျိုးစေ့ထုတ်လုပ်တင်ပို့နိုင်ပါက တောင်သူလယ်သမားများနှင့် မျိုးစေ့ထုတ်လုပ်သည့်လုပ်ငန်းစဉ်တွင် ပါဝင်ဆက်နွယ်နေသည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးကျေးဇူးဖြစ်ထွန်းမည်ဖြစ်၍ မျိုးစေ့ကိုနိုင်ငံခြားမှ တင်သွင်းဖြန့်ဖြူးခြင်းထက် ပြည်တွင်း၌ မျိုးစေ့ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပြီး ပြည်တွင်းလုံလောက်မှုရှိရုံသာမက နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်မေဇင်အောင် (ဒုတိယဦးစီးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[25] Seed Development Policy in Indonesia ၊ https://ap.fftc.org.tw/article/814 မှ ရရှိပါသည်။ (ကြည့်ရှုရရှိသည့်ရက် နိုဝင်ဘာ ၂၇ ၊ ၂၀၂၀)

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅